# အုတ်တွင်းကျေးရွာ

# သရက်ကုန်းလဲပျောက်ကျေးရွာအုပ်စု၊ လပွတ္တာမြို့နယ်

# ဧရာဝတီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်
ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လပွတ္တာမြို့နယ်၏ အကူအညီဖြင့်
ရေးဆွဲပါသည်။)

ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

# မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဉတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ ) အခြေခံအဆောက်အဉီးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င ) ပညာရေး

(စ ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ ) ကျား – မ ရေးရာ


၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ


ဘုရား
ချောင်း
ရေတွင်း
ဆေးခန်း
ကျောင်း


PEP
MYANMAR
ပညာရေး
အုပ်ချုပ်ရေး
မီးသတ်
ပြည်သူ့စစ်
ကျန်းမာရေး
လူထု
သမဝါယမ

| | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အပူချိန် | ကောင်း | ညံ့ | ညံ့ | သင့် | သင့် | ညံ့ | ညံ့ | ညံ့ | သင့် | သင့် | ကောင်း | ကောင်း |
| မိုးသည်းထန်မှု | ကောင်း | ညံ့ | ညံ့ | ညံ့ | သင့် | ညံ့ | ညံ့ | ညံ့ | သင့် | သင့် | သင့် | ကောင်း |
| အသုံးစရိတ် | များ | ကျယ်များ | ကျယ်များ | များ | များ | နဲ | များ | များ | များ | များ | နဲ | နဲ |
| ချေးထွက်နိုင်မှု | | 웃 | 웃 | 웃 | | | 웃 | 웃 | 웃 | | | |
| ဆိုးအကျိုးပြုမှု | 웃 | | | | | | | | 웃 | 웃 | 웃 | 웃 |
| သော်ဘက်သုံးဆောင်မှု | 웃 | 웃 | 웃 | 웃 | 웃 | 웃 | 웃 | 웃 | 웃 | 웃 | 웃 | |
| ကိုယ်ခန္ဓာအားအင်ထိခိုက်မှု | လေများ | ကျားပါး | ကျားပါး | ကျားပါး | သင့် | သင့် | သင့် | သင့် | လေများ | လေများ | လေများ | လေများ |
| ရောဂါဖြစ်ပွားမှု | | 웃 | 웃 | | | | 웃 | 웃 | | | | |
| ကျန်းမာရေး အခြေအနေ | | | ဝမ်းကျ ရောဂါ | ဝမ်းကျ ရောဂါ | | ငှက်ဖျား ရောဂါ | ငှက်ဖျား ရောဂါ | | | | | |
| သီးနှံပင်များ ရောဂါဖြစ်ပွားမှု | | ကျင်း | ကျင်း | | မိုးပေါ | မိုးပေါ | | | | နွေပေါ | နွေပေါ | |
| ပွဲတော် | သင်္ကြန် ရေပွဲ | | | | | | မီးထွန်း ပွဲတော် | ကထိန်ပွဲ | | | ထမနဲပွဲ | |
| သဘာဝ အစား အသောက် | မိုးတား ... | ... | ... | | | | | | | | | ... |

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

အုတ်တွင်းကျေးရွာသည် ဧရာဝတီတိုင်း၊လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် သရက်ကုန်းလဲပျောက်ကျေးရွာအုပ်စုတွင်တည်ရှိသည်။ အုတ်တွင်းကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားနှင့်သဲရောနေသော သဲလမ်းဖြစ်ပြီး စုစုပေါင်းလမ်းအရှည်(၁)မိုင်ရှိပြီး ကျေးရွာ၏ တွင်းလမ်း(၁) သာရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကျွဲဖြာ ချောင်းရှိပြီး ဘုရားငုတ်ကျေးရွာနှင့် ရွာသစ်ကျေးရွာ ရှိပါသည်။ ၎င်းကျေးရွာများကို ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းမရှိပါ လပွတ္တာ-ကျုံမငေးဆက်သွယ်ရေးလမ်းမမှ လှည့်သွားရပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ကျေးရွာအဝင် လမ်းရှိပြီး လပွတ္တာ-ကျုံမငေး ဆက်သွယ်ထားသော လမ်းနှင့်ဆက်သွယ်ထားပြီး ကျွဲဖြာကျေးရွာ လည်းရှိပါသည်။ ကျေးရွာအဝင်လမ်းသည် မြေသားလမ်းဖြစ်ပြီး(၃၅၅၀ပေ)ဖြစ်၍ လမ်း၏တစ်ဖက် မှာတောင်ကုန်းရှိပြီး မိုးရာသီတွင် တောင်ကုန်းမှ တောင်ကျရေများကြောင့် လမ်းများပျက်ဆီးရပြီး ရွာအဝင်မြေသား လမ်းတလျှောက်တွင် ချောင်းရိုး(၃)နေရာခန့် ဖြစ်ပေါ်နေခြင်းကြောင့် အခက်အခဲများစွာ တွေ့ရပါ သည်။ မိုးရာသီတွင်း ကျောင်းသား/သူများအား မိဘများမှ တောင်ကျရေအန္တရာယ်ကြောင့် အကြိုအပို့ ကျောင်းသွား/ပြန် လုပ်ပေးနေရပါသည်။ ထို့ကြောင့် ကျေးရွာသည် ၎င်းလမ်း အားအဓိကအသုံးပြုနေ သောကြောင့် ရာသီမရွေးသွား လာနိုင်ရန်အတွက် အဆိုပါလမ်းအား အဆင့်မြှင့်လမ်းအဖြင့် ပြုပြင်မြှင့်တင်ပေးခြင်း(သို့) ကျောက်ချောလမ်းခင်းပေးမည်ဆိုပါက ကျေးရွာဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပါသည်။ အနောက်ဘက်တွင် ဝါးအမျိုးစုနှင့်သစ်ပင်ကြီးများရှိသော တောင်ကုန်းရှိပါသည်။ အဆိုပါတောင်ကုန်း အနောက်ဘက်တွင် ကျောက်ဖျာလေး ကျေးရွာ၏ ၎င်းကျေးရွာကိုဆက်သောလမ်းမှာ တောင်ကုန်းဘေးမှာ ဖောက်ထားပြီး ယာဉ်ကြီးများသွားလို့မရပါ။ ကျေးရွာ၏ မြောက်ဘက်တွင် ပန်တိုးကွင်းကျေးရွာနှင့်လေးအိမ်တန်းကျေးရွာ ရှိပါသည်။ ၎င်းကျေးရွာ များသို့ ဆက်သွယ်ထားသောကျေးရွာချင်းဆက်လမ်းရှိပြီး ချောင်းရှိ၍ ကိုယ်ထူကိုထဆောက်လုပ်ထားသော ပေ(၈၀)ရှည်သော ဝါးတံတားလေးရှိပါသည်။ ကျေးရွာတွင် ဗမာအများနေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂°C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ရေကြီးသောကြောင့် ကျေးရွာရှိတောင်သူလယ်သမား တစ်ချို့မှာ သီးနှံစိုက်ခင်းများ ပျက်စီးလေ့ ရှိပါသည်။ လယ်ယာမြေများမှ မြေဆီဩဇာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ဧကပေါင်း(၃၃၂.၄၈)ရှိပြီး တစ်ချို့သောတောင်သူများမှာ တစ်ပိုင်တစ်နိုင်

ရာသီပေါ်သီးနှံများဖြစ်သော ကွမ်းစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသော ဥယျာဉ်ခြံမြေများ ပိုင်ဆိုင်ကြပါသည်။

**၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာတွင်အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေး လုပ်ငန်းကိစ္စများတွင် ပိုင်းဝန်းဆောင်ရွက်ကြသော လူငယ်အဖွဲ့ ဘာသာရေးဆိုင်ရာအဖွဲ့၊ ကျေးရွာဖွံ့ဖြိုး ရေးအကော်မတီတို့မှာ ဆောင်ရွက်မှု အားကောင်းကြောင်းတွေ့ရှိရပါသည်။ ပညာရေးဆိုင်ရာကိစ္စရပ် များနှင့်ပတ်သက်၍ ကျောင်းကော်မတီအဖွဲ့ ကိုလည်း ဖွဲ့စည်း ထားပါသည်။ ကျေးရွာတွင် သာရေး နာရေး လူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသား များ စည်းလုံးညီညွတ်စွာ ပိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါ သည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် (Pact Myanmar) အဖွဲ့အစည်း ၊သမဝါယမဦးစီးဌာနအဖွဲ့ အစည်းများရှိပါသည်။ ကျေးရွာတွင် ပိုင်းတွင်ပိုပြီးအားကောင်း၍ ကျေးရွာတွင်း အဖွဲ့အ စည်းများသည် အဖွဲ့အစည်းပေါင်း(၈)ဖွဲ့ရှိပြီး လူငယ်အဖွဲ့အစည်းသည် အဖွဲ့ပိုင်ပစ္စည်းနှင့် ရန်ပုံငွေအနည်းငယ်ထားရှိနိုင်သော အဖွဲ့ဖြစ်ပါသည်။ ဘာသာရေးအဖွဲ့တွင်လည်း ရန်ပုံ ငွေအနည်းငယ် ထားရှိပြီးဆောင်ရွက်နိုင်သော အဖွဲ့ဖြစ်ပါသည်။ ကျန်းမာရေးအဖွဲ့အစည်းမှာ လုပ်ငန်းဆောင်ရွက်တွင် ငွေကြေးအခက်အခဲများ ကြုံတွေ့ရတတ်ပါ သည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်းနှင့် ဥယျာဉ်ခြံမြေ လုပ်ငန်းဖြစ်ပြီး အဓိကစိုက်ပျိုး သီးနှံများမှာ စပါး၊ မတ်ပဲနှင့်ပဲတီစိမ်း၊ ကွမ်းနှင့်ဝါး တို့ဖြစ် ပါသည်။ စိုက်ဧကအများစုမှာ မိုးရေနှင့်ချောင်းရေကိုသာ အဓိက အသုံးပြုစိုက်ပျိုးကြ၍ နွေရာသီတွင် ချောင်းမြောင်းနှင့်နီးသော လယ်ယာမြေဧကအချို့မှာ ချောင်းရေကိုအသုံးပြု၍ နွေစပါးနှင့်ကွမ်း စိုက်ပျိုးကြပါသည်။ နှစ်စဉ် ကျေးရွာမှ မိုးစပါး တစ်ဧက ပျှမ်းမျှတင်း(၄၀) ထွက်ရှိပါသည်။

ကျေးရွာရှိအမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ် နိုင် ကြက်၊ ဝက်၊ ဘဲများ မွေးမြူကြပါသည်။ ရာသီအလိုက် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများလည်း ရှိကြပါသည်။ တစ်ချို့သောအမျိုးသမီးများသည် ခေါင်းရွက်ဗျက်လိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသောလုပ်ငန်းများလည်း

လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်းအချို့ လုပ်ကိုင်သူများ လည်းရှိကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများနှင့် ပြည်ပသို့ ရွှေပြောင်းသွားရောက် လုပ်ကိုင်နေသူများလည်းရှိကြပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

အုတ်တွင်းကျေးရွာတွင် အလယ်တန်းအဆင့်ရှိပြီးကျောင်းဆောင် (၆၀×၃၀)စတုရန်းပေရှိသော ကျောင်းဆောင်(၄)ဆောင်နှင့် (၃၀×၂၀) စတုရန်းပေရှိသော ကျောင်းဆောင်(၁)ရှိသောကြောင့် ကျောင်းအဆောက်အဦးအားဖြင့် လုံလောက်မှုရှိပါသည်။ ကျေးရွာတွင် ပညာအမွေကို လက်ဆင့်ကမ်း သင်ကြားပေးနေသော ကျေးရွာလုပ်အားပေး ဆရာ/မ (၄)ဦးရှိပြီး အစိုးရခန့် ဆရာ/မ (၉)ဦး

ကျေးရွာတွင် ဆက်သွယ်ရေး ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာရှိပြည်သူများသည် အင်တာနက်ဖြင့် ချိတ်ဆက်ပြီး သတင်းအချက်အလက်များကို ဖတ်ရှု သိရှိရသဖြင့် ပြင်ပအသိပညာ ဗဟုသုတများစွာရရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်းဖြင့်ငွေ ထုတ်ချေးပါသည်။ ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့အစည်းအနေဖြင့် (Pact Myanmar) အဖွဲ့အစည်း ၊ITE အဖွဲ့အစည်း၊ Mercycropsအဖွဲ့အစည်းနှင့် မေတ္တာအဖွဲ့အစည်းများမှ ကျေးရွာသူ/ သားများအား ငွေထုတ်ချေးပေးနေပါသည်။

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် သမဝါယမဦးစီးဌာနမှ လယ်သမားများနှင့် မွေးမြူရေးသမားများကိုထုတ်ချေးပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် Pact Myanmar အဖွဲ့မှလည်း ထုတ်ချေးပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူပြီးကျေးရွာတွင် ချေးငွေလိုပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ သည် အခြားပုဂလိကများမှ ငွေ(၁၀၀)ကျပ်အပေါ်လျှင် အတိုးနှုန်း (၃ကျပ်မှ ၁၀ကျပ်အထိ ) တိုး ယူကြရကြောင်း တွေ့ရပါသည်။

**(င) ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ကျောင်းသား/သူ မူလတန်းအဆင့်တွင် (၈၅)ဦးနှင့် အလယ် တန်းအဆင့်တွင် (၈၉)ဦးရှိပြီး စုစုပေါင်း(၁၇၄)ဦး ရှိပါသည်။ ကျေးရွာ၏အနီးဝန်းကျင်မှ ကျောင်းမရှိသော ကျေးရွာများမှ လာရောက်တက် ရောက်ကြသော ကျောင်းသားဦးရေမှာ (၅၀%) တက်ရောက် ကြပါသည်။ အထက်တန်းပညာ ရေးကို (၅)မိုင်ဝေး သော ကြာကန်ကျေးရွာသို့ သွား ရောက် ပညာ သင်ကြား ရပါသည်။ တက္ကသိုလ်/ကောလိပ်ပညာရေးအား ပုသိမ်မြို့သို့ သွားရောက် တက်ရပါသည်။ ကျေးရွာထဲရှိ ပညာသင်ယူနေသော ကျောင်းသား/သူများမှာ ကျေးရွာတွင်း အလယ်တန်းကျောင်းရှိ၍ အလွန်အဆင်သော်လည်း လာရောက်တက်ရသော အခြားကျေးရွာမှ ကျောင်း/သူများ ကျေးရွာအဝင်ဆက်သွယ်ရေးလမ်းအားဖြင့် မြေသားလမ်းဖြစ်သောကြောင့် ကျောင်းသား/ သူများ အခက်အခဲများစွာတွေ့ရပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တခါတရံ ရာသီဥတုအပြောင်းအလဲကြောင့် ရာသီဖျားနာခြင်းများ ဖြစ်လေ့ရှိပါသည်။ ကျေးရွာအတွင်းရှိ ၂လမှ ၁၈လအထိ ကလေးများအား ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမသည် လစဉ်ကာကွယ်ဆေးလာ ရောက်ထိုးနှံပေးခြင်း ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်ကာကွယ်ဆေးနှင့် ညွှန်ကြားချက် အတိုင်း အချိန်မှန်ထိုးနှံပေး ပါသည်။ တခါတရံ မိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါများကို နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်း များသို့ သွားရောက်၍ ဆေးကုသမှု ခံယူရပါသည်။ ကျေးရွာရှိကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ ကျန်းမာသန်စွမ်းကြပါသည်။ ကျန်းမာရေး အတွက် စိုးရိမ်ဖွယ်ရာမရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။
ကျေးရွာရှိကုန်စုံဆိုင်များတွင် ခေါင်းကိုက်၊ ဖျားနာခြင်းများအတွက် အကိုက်အခဲပျောက်ဆေးများ အလွယ်တကူရရှိနိုင်ပါသည်။

အုတ်တွင်းကျေးရွာသည် အိမ်ထောင်စု(၅၃)ရှိပြီး သန့်ရှင်းသောအိမ်သာသုံးအိမ်ထောင်စု စုစုပေါင်း(၅၂)လုံးရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စု(၁)စုသာ ရှိပြီး မိမိတို့နှင့်နီးစပ်ရာ အခြားအိမ်ထောင်စုပိုင် ယင်လုံအိမ်သာများကိုလည်း အသုံးပြုကြ ပါသည်။ ကျေးရွာသည် အိမ်သာနှင့်ပတ်သက်သည့် ကျန်းမာရေးကဏ္ဍများတွင် ဗဟုသုတများ ရှိကြပါသည်။

**(ဃ) ဆေးရွက်ရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ တခါ တရံ လေပြင်းတိုက်ခတ်မှုများ ရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓါတ်မြေသြဇာများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာ မြေဆီလွှာများပျက်စီးရပါသည်။ ကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်သောအလေ့အထမရှိသောကြောင့် သဘာဝပတ်ဝန်းကျင်ညစ်နွမ်းရ ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများပြု လုပ်ပေးခြင်းကြောင့် ကျေးရွာရှိပြည်သူလူထုသည် အသိပညာဗဟုသုတများ ပြီးပြည့်စုံပြီး ဖွံ့ဖြိုး တိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

**(c) ကျား – မ ရေးရာ**

ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခနှုန်းများမှာ ညီမျှမှုမရှိပါ အလုပ်တွင်အားစိုက်မှုနှုန်းပို၍ အားစိုက်ရ၍ ယောကျ်ားလေးများမှာ လုပ်အားခပိုမိုရရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ပုတ်ပြတ်လုပ်အားများတွင် တန်းတူအခွင့် ရေးရှိပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုး သမီးများသည် အတွေ့ အကြုံနည်းပါး၍ ပါဝင်မှုနည်းပါးပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါ သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှု နှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက် မှုများ မရှိပါ။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေး ထိ ကျား/မတန်းတူ အခွင့် အရေးရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အအုံ | ရွာအဝင်လမ်းအဆင့်မြှင့်တင်ရေးစီမံချက် | ၁ |
| ၂ | အခြေခံအဆောက်အအုံ | ဝန်ထမ်းအိမ်ယာ ရရှိရေးစီမံချက် | ၂ |
| ၃ | အခြေခံအဆောက်အအုံ | ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရရှိရေး စီမံချက် | ၃ |
| ၄ | အခြေခံအဆောက်အအုံ | ဆိုလာမီးလင်းရေး ရရှိရေး စီမံချက် | ၄ |
| ၅ | အခြေခံအဆောက်အအုံ | စာကြည့်တိုက်ရရှိရေးစီမံချက် | ၅ |
| ၆ | အခြေခံအဆောက်အအုံ | လျှပ်စစ်မီးရရှိရေးစီမံချက် | ၆ |
| ၇ | အခြေခံအဆောက်အအုံ | အားကစားကွင်းအဆင့်မြှင့်တင်ရေး စီမံချက် | ၇ |

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
အုတ်တွင်းကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ် | ကျေးရွာဖွံ့ဖြိုး ရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ -လမ်းပန်းဆက်သွယ်ရေး | | | | | |
| • မိုးရာသီတွင် ကျေးရွာဝင် သွားလာ ရန် ခက်ခဲခြင်း | • မြေသားလမ်းဖြစ်၍ မိုးရာသီတွင်ရွံ့ဗွက် ထူခြင်းကြောင့် | • ကျေးရွာမှ ငွေအား လုပ်အား ဒါ န ကူညီပေးနိုင် ခြင်း၊ လမ်းခင်းရန် | • ကျေးရွာမှ လုံလောက်သော ငွေကြေးမ တတ် နိုင်ခြင်း၊ ရွာဝင် လမ်းအဆင့် မြှင့်တင် ရေးစီမံချက် ရေးဆွဲ ဆောင်ရွက်မှုမရှိခြင်း | • ရွာဝင်လမ်း အဆင့် မြှင့်တင်ရေး စီမံချက် ရေး ဆွဲဆောင်ရွက် ခြင်း၊ ပြင်ပ အကူအညီရှာဖွေခြင်း၊ ကျေးရွာမှ ငွေအားစု ဆောင်းခြင်း | • ကျေးရွာဝင် လမ်း အဆင့်မြှင့်တင်ရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| • မဟာဓာတ်အားလိုင်းနှင့်ဝေကွာနေခြင်း၊ ဆိုလာမီး မရရှိခြင်း | • မြစ်များခြားနေခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာ မှလုပ်အား၊ ငွေအား တက်အားသရွေ့ ကူညီနိုင်ခြင်း | • ကျေးရွာမှ လုံလောက်သော ငွေကြေး မတတ်နိုင်ခြင်း၊ ကျေးရွာမှ သက်ဆိုင်ရာဦးစီးဌာနသို့ ထိရောက်စွာ တင်ပြမှု မရှိခြင်း | • ကျေးရွာတွင် ကော်မတီဖွဲ့စည်း၍ သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကျေးရွာ ဆိုလာမီးလင်းရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်း စစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ - အခြေခံအဆောက်အဦ | | | | | |
| • အဆောက်အဦ မလုံလောက်ခြင်း | • ဝန်ထမ်အိမ်ယာမရှိခြင်း | • ကျေးရွာမှ လုပ်အားဒါ န ကူညီပေးနိုင်ခြင်း၊ | • ကျေးရွာမှ ဝန်ထမ်းအိမ်ယာရရှိရေးအတွက် ဆွဲဆောင်ရွက်မှုမရှိခြင်း | • သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ခြင်း၊ ပြင်ပအကူအညီရှာဖွေခြင်း၊ ကျေးရွာမှ ငွေအားစုဆောင်းခြင်း | • ဝန်ထမ်းအိမ်ယာရရှိရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ - အခြေခံအဆောက်အဦ | | | | | |
| • အစည်းအဝေးလုပ်ရန်အတွက် အဆောက်အဦး ကျယ်ကျယ်ဝန်းဝန်း မရှိခြင်း | • အုပ်ချုပ်ရေးမှူးရုံး သီးသန့်မရှိခြင်း | • ကျေးရွာမှ လုပ်အား ဒါ န ကူညီပေးနိုင်ခြင်း၊ ကျောက်၊သဲ၊ ဘိလပ်မြေစသည့် ကုန်ကြမ်းပစ္စည်း ဝယ်ယူရန် နီးခြင်း | • ကျေးရွာမှ ငွေကြေး မတတ်နိုင်ခြင်း၊ ကျေးရွာမှ သက်ဆိုင်ရာဦးစီးဌာနသို့ ထိရောက်စွာ တင်ပြမှု မရှိခြင်း | • ကျေးရွာမှ တံတားဖြစ်မြောက်ရေးကော်မတီအဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြခြင်း | • တံတားအဆင့်မြှင့်တင်ရေးစီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ - မီးလင်းရေး | | | | | |
| • မဟာဓာတ်အား လိုင်းနှင့်ဝေးကွာနေခြင်း၊ ဆိုလာမီး မရရှိခြင်း | • မြစ်များခြားနေခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာ မှလုပ်အား၊ ငွေအား တက်အားသရွေ့ ကူညီနိုင်ခြင်း | • ကျေးရွာမှ လုံလောက်သော ငွေကြေး မတတ်နိုင်ခြင်း၊ ကျေးရွာမှ သက်ဆိုင်ရာဦးစီးဌာနသို့ ထိရောက်စွာ တင်ပြမှု မရှိခြင်း | • ကျေးရွာတွင် ကော်မတီဖွဲ့စည်း၍ သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကျေးရွာ ဆိုလာ မီးလင်းရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်း စစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ - အသိပညာဗဟုသုတ | | | | | |
| • ကျေးရွာ၏ လူငယ်များ အသိပညာအားနည်းခြင်း၊ စာဖတ်အားနည်းခြင်း | • ကျေးရွာသူ/သားများ စာဖတ်ရန်စိတ်ဝင်စားမှုမရှိခြင်း | ကျေးရွာမှလုပ်အားနှင့်ငွေအင်အားအချို့ထည့်ဝင် လိုစိတ်ရှိခြင်း၊ ဆောက်လုပ်ရန် မြေနေရာရှိခြင် | • ကျေးရွာ၏ ငွေအင်အားထည့်ဝင်လိုစိတ်ရှိသော်လည်း စီးပွားရေးအခြေအနေအရ ငွေကြေးအခက်အခဲရှိခြင်း၊ ကျေးရွာသူ/သားများစာ ဖတ်ခြင်း အလေ့အထမရှိကြ ခြင်း | • အခြားအလှူရှင်များနှင့်သက်ဆိုင်ရာဌာနများအားချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကျေးရွာသူ/သား များ စာဖတ်နှုန်းမြင့်မားလာအောင်စည်းရုံး ဆောင်ရွက်ခြင်း၊ | –ကျေးရွာစာကြည့်တိုက်ရှိလျှင် ကျေးရွာရှိလူကြီး၊ လူငယ်များစာ ဖတ်ခြင်းဖြင့် အသိပညာဗဟုသုတတိုးပွား၍ ပိုမိုကောင်းမွန်သောလူနေမှုဘဝအားပိုင်ဆိုင်နိုင် ခြင်း |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်း စစ်မြစ် | ကျေးရွာဖွံ့ဖြိုး ရေးအတွက် အထောက်အကူဖြစ်စေ မည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေ အနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ - မီးလင်းရေး | | | | | |
| • လျှပ်စစ်မီး မရရှိခြင်း | • ငွေကြေးမတတ် နိုင်ခြင်း | • မဟာဓါတ်အားလိုင်း နှင့်နီးခြင်း၊ ကျေးရွာ မှလုပ်အား၊ ငွေအား တက်အားသရွေ့ ကူညီနိုင်ခြင်း | • | • ကျေးရွာတွင် ကော်မတီ ဖွဲ့စည်း၍ သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | • ကျေးရွာ မီးလင်းရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ - လူငယ်ဖွံ့ဖြိုးရေး | | | | | |
| • လူငယ်များ အားကစားကွင်းကောင်းကောင်းမရှိခြင်း | • အားကစားကွင်းမကောင်းခြင်း၊ ကစားကွင်းကျဉ်မြောင်းခြင်း၊ မြေနေရာမညီညွတ်ခြင်း | • မြေနေရာရှိခြင်း၊<br>• လူငယ်များ စိတ်အားထက်သန်မှုရှိခြင်း | • ပြင်ပမှ ကူညီပေးမည့် အလှူရှင်မရှိခြင်း | • ပြင်ပမှ ကူညီပေးမည့် အလှူရှင်များနှင့်ချိတ်ဆက်ထောင်ခံခြင်း | • ကျေးရွာအားကစားကွင်းအဆင့်မြင့်တင် ရေး စီမံချက် |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | - | - | - |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၆ | ၅ | ၁၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄ | ၈ | ၁၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၁ | ၁၆ | ၂၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၀ | ၇၉ | ၁၅၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂ | ၆ | ၈ |
| စုစုပေါင်း | | ၁၀၃ | ၁၁၄ | ၂၁၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၅၃ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။သရက်ကုန်းလဲပျောက်အုပ်စု၊ အုတ်တွင်းကျေးရွာသည် လူဦးရေနည်းသောကျေးရွာတစ်ရွာပါသည်။ကျေးရွာသည် ဗမာလူမျိုးအများစု နေထိုင်ကြပါသည်။ အိမ်ထောင်စု (၅၃)စု ၊ လူဦးရေ (၂၁၇)ဦး ရှိပါသည်။ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် စာရင်းကောက်ချိန်တွင် မရှိပါ ၊ ၅နှစ်အောက်ကလေးငယ် (၅.၁%)၊ မူလတန်းကျောင်းသာအရွယ် (၅.၅၂%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၂.၄၄%)၊ အလုပ်လုပ် နိုင်သည့်အရွယ် (၇၃.၃%)၊ အလုပ်မလုပ်နိုင်သည့် သက်ကြီးရွယ်အို (၃.၇%) ရှိပါသည်။ ပျှမ်းမျှအားဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၆.၇၂%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၈၀)ဦး၊ မ (၇၉)ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၃.၃%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ် နိုင်သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူလုံမှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊ဆိမ့်စမ်းစသည်) |
|---|---|---|---|---|
| လယ်မြေ | ၃၃၂.၄၈ | သင့် | အနည်းအကျဉ်း | ချောင်း |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း၊ အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၂၉၄.၆ | သင့် | အနည်းအကျဉ်း | ချောင်း |
| အိမ်ခြံဝင်း နိုက်ခင်း | ၃.၆၆ | သင့် | ရ | မြေအောက်ရေ |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| ဓနိတော | ၂၉.၆၂ | သင့် | အနည်းအကျဉ်း | ချောင်း |
| စုစုပေါင်း | ၆၅၆.၆၈ ၃၂၇.၈၈ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာသည် လယ်မြေ ဧက (၃၃၂.၄၈)ရှိပြီး ဥယျာဉ်ခြံမြေ (၂၉၄.၆)ဧကရှိပါသည်။ ဓနိတော(၂၉.၆၂)ဧကရှိပါသည်။ လယ်ယာစိုက်ပျိုးရေး(စပါး)နှင့် ဥယျာဉ်ခြံမြေ(ကွမ်း) လုပ်ငန်းအများဆုံး လုပ်ကိုင်ခြင်းဖြင့် အဓိကဝင်ငွေရရှိသူများပြားပါသည်။**

**(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ**

၇ ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | လွယ် |
| အခြားသဘာဝအရင်းအမြစ် | မရှိ | လက်လှမ်းမမီ |
| တိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | များ | လွယ် |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| မှုမ်းမျှအပူချိန် – | မှုမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အစက်အစဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာမှ ၁၀၊ ကျောက် များမရရှိနိုင်သော်လည်း ၎င်းကျေးရွာ၏အနီး ကျောက်ဖျာလေး ကျေးရွာတွင် အလွယ်တကူ ဝယ်ယူရ ရှိနိုင်ပါသည်။**

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | လူငယ် အဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | လုံခြုံရေး၊ကာကွယ်ရေးလုပ်ငန်းများတွင်ပါဝင်မှုအားကောင်းသည် လူငယ်ရန်ပုံငွေတူထားခြင်းရှိသည်။ |
| ၂ | ကျောင်းကော်မတီ | ၁☐ ၂■ ၃☐ | ပညာရေး ■ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐☐ | ပညာရေးနှင့် ပတ်သက်သည့်လုပ်ငန်းများဆောင်ရွက်ပါသည်။ |
| ၃ | ဂေါပက | ၁☐ ၂☐ ၃■ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ■<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဘာသာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ |
| ၄ | ကျန်းမာရေး စောင့်ရှောက်မှု ကော်မတီ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ■ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျန်းမာရေးလုပ်ဆောင်မှုများ လုပ်ဆောင်ပေးသည် |
| ၆ | ပြည်သူ့စစ် | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | လုံခြုံရေး၊ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ |
| ၇ | နာရေးကူညီမှု အဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐ | နာရေးဖြစ်ပေါ်လာပါက မရှိဆင်းရဲသားများအား |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာကောင်းမွန်မှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကူညီထောက်ပံ့ငွေ ပေးနိုင်ရန်အတွက် ရန်ပုံငွေထားခြင်း |
| ၈ | ကျေးရွာဖွံ့ဖြိုး ရေးကော်မတီ | ၁ ☐ ၂ ■ ၃ ☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်ပေးသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ကျေးရွာသည် ပြင်ပအဖွဲ့အစည်းအားဖြင့် သမအသင်းအဖွဲ့၊ Pact Myanmar အဖွဲ့အစည်းများ ရှိပါသည်။ ကျေးရွာတွင်အုပ်ချုပ်ရေးပိုင်းတွင်ပိုပြီးအားကောင်း၍ ကျေးရွာတွင်း အဖွဲ့အစည်းများသည် အဖွဲ့အစည်းပေါင်း(၈)ဖွဲ့ရှိပြီး လူငယ်အဖွဲ့အစည်းသည် အဖွဲ့ပိုင်ပစ္စည်းနှင့် ရန်ပုံငွေအနည်းငယ်ထားရှိနိုင်သော အဖွဲ့ဖြစ်ပါသည်။ ဘာသာရေးအဖွဲ့တွင်လည်း ရန်ပုံငွေအနည်းငယ် ထားရှိပြီးဆောင်ရွက်နိုင်သော အဖွဲ့ဖြစ်ပါသည်။ ကျန်းမာရေးအဖွဲ့အစည်းမှာ လုပ်ငန်းဆောင်ရွက်တွင် ငွေကြေးအခက်အခဲများ ကြုံတွေ့ရတတ်ပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂ ဧက အထက် | ၅ ဧကမှ ၁၀ဧကအောက် | ၂.၅ ဧက အောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ် | ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး | ပျဉ်ခင်း၊ ဓနိမိုး/ကာ | ဝါးအိမ်၊ ဓနိမိုး/ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊ ထော် လာဂျီ၊ | ဆိုင်ကယ်၊ ထော်လာဂျီ၊ | ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ ဥယျာဉ် | မွေးမြူရေး ဥယျာဉ်ခြံ | ကျပန်း | နေ့စားလုပ်သား |
| **အိမ်ထောင်စု** | ၅ | ၈ | ၂၅ | ၁၅ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။အုတ်တွင်းကျေးရွာသည် အိမ်ထောင်စုအားဖြင့် (၅၃)အိမ်ရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၉၄.၃၃%)မှာ ဝင်ငွေကောင်း သော စိုက်ပျိုး ရေးလုပ်ငန်းနှင့်ဥယျာဉ်လုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စု (၁၅.၁%)မှာ ဝင်ငွေအသင့်အတင့်ရသော မွေးမြူရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းများကလုပ်ကိုင် အသက်မွေးကြပါသည်။ မပြေလည်သော အိမ်ထောင်စု (၄၇.၁%)မှာ တစ်ပိုင်တနိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများနှင့် ကျပန်း ဝင်ငွေရ လုပ်ငန်းများ အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု(၂၈.၃%) မှာ လယ်ယာမဲ့ များ ဖြစ်ကြပြီး ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် လုပ်ကိုင်ကြပါသည်။

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၅ | ၂၈.၃ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၁၀ | ၁၈.၉ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၁၅ | ၂၈.၃ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား (၅ဟတ်တာထိ) | ၈ | ၁၅.၁ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၅ | ၉.၄ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၅၃ | ၁၀၀ | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

